# ကလေးသူငယ်ကာကွယ်ရေးဆိုင်ရာပညာရေး

## မိဘနှင့်အုပ်ထိန်းသူများအတွက် သတင်းအချက်အလက်များ

| | |
|---|---|
| ကျောင်းအမည်<br>Name of school | |
| ပါဝင်သော နှစ်/နှစ်များ<br>Participating Year/s | |
| တစ်ပတ်စာ သင်ခန်းစာအရေအတွက်<br>Number of lessons per week | |
| ကျောင်းမှ ဆက်သွယ်ရမည့်သူ<br>School contact person | |
| ဆက်သွယ်ရန်ဖုန်းနံပါတ်<br>Contact telephone number | |

မိဘနှင့် အုပ်ထိန်းသူများ ခင်ဗျာ

အထက်တွင် ဖော်ပြထားသော နှစ်များရှိ ယခုနှစ်ကျောင်းသားများသည် မသင်မနေရ ဘာသာရပ်ဖြစ်သည့် ပုဂ္ဂိုလ်ရေး တိုးတက်မှု၊ ကျန်းမာရေးနှင့် ကာယပညာ (Personal Development, Health and Physical Education (PDHPE)) တွင် ပါဝင်ရပါလိမ့်မည်။

ကျွန်တော်တို့ကျောင်း၏ PDHPE အစီအစဉ် တစ်စိတ်တစ်ပိုင်းအဖြစ် မသင်မနေရ ကလေးသူငယ်ကာကွယ်ရေးဆိုင်ရာပညာရေး ပါဝင်ပါသည်။ ကလေးသူငယ် ကာကွယ်ရေးဆိုင်ရာပညာရေးတွင် သင်ကြားသော အချို့သင်ခန်းစာများသည် ထိလွယ်ရှလွယ်သော အကြောင်းအရာများ ဖြစ်သည်။ ဤအကြောင်းအရာများကို အသက်အရွယ်အလိုက် သင့်တော်သော နည်းလမ်းဖြင့် ကျောင်းက သင်ကြားပေးပါလိမ့်မည်။

ကလေးသူငယ်ကာကွယ်ရေးဆိုင်ရာပညာရေးတွင် သင်ကြားမည့် ပြဋ္ဌာန်းသင်ခန်းစာများကို နောက်စာမျက်နှာတွင် ဖော်ပြထားပါသည်။

ကလေးသူငယ်ကာကွယ်ရေးဆိုင်ရာပညာရေး နှင့်ပတ်သက်ပြီး ပိုမိုသိရှိလိုပါက ပညာရေးဌာန၏ PDHPE ဝက်ဘ်ဆိုဒ်ရှိ (ကလေးသူငယ်ကာကွယ်ရေးနှင့် အလေးထားဆက်ဆံခြင်းဆိုင်ရာပညာရေး) (Child protection and respectful relationships education) ကဏ္ဍတွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

ကလေးသူငယ်ကာကွယ်ရေးဆိုင်ရာပညာရေး သင်ကြားမည့် ဤပညာသင်ကာအတွင်း တစ်ပတ်စာ သင်ခန်းစာအရေအတွက် ကို အထက်တွင် ဖော်ပြထားပါသည်။

ထပ်မံသိရှိလိုပါက အထက်တွင်ဖော်ပြထားသော အမည်နှင့် ဖုန်းနံပါတ်အတိုင်း ကျောင်းမှ ဆက်သွယ်ရမည့်သူထံသို့ ဆက်သွယ်ပါ။

## တယ်လီဖုန်းစကားပြန်ဝန်ဆောင်မှု

ကျောင်းသို့ဆက်သွယ်ရာတွင် စကားပြန်လိုအပ်လျှင် တယ်လီဖုန်းစကားပြန် ဝန်ဆောင်မှု 13 14 50 သို့ ခေါ်ဆိုပြီး သင်၏ဘာသာစကားဖြင့် စကားပြန်တစ်ယောက် တောင်းခံပါ။ ဖုန်းဝန်ဆောင်မှုပေးသူက ကျောင်းသို့ဖုန်းခေါ်ဆိုပေးပြီး အပြန်အလှန်စကားပြောရာတွင် ကူညီရန် ဖုန်းလိုင်းပေါ်တွင် စကားပြန်တစ်ယောက် ရရှိပါလိမ့်မည်။ ဤဝန်ဆောင်မှု အတွက် အခကြေးငွေပေးရန်မလိုပါ။

လေးစားမှုဖြင့်

ကျောင်းအုပ်ကြီး (Principal)

ကလေးသူငယ်ကာကွယ်ရေးဆိုင်ရာပညာရေး တွင် သင်ကြားမည့် မာတိကာတွင် အောက်ပါတို့ ပါဝင်သည် -

The content which will be covered in child protection education includes:

(Staff to tick the relevant boxes below for Early Stage 1 content.)

- ☐ စိတ်ခံစားချက်များနှင့် ခန္ဓာကိုယ် တုံ့ပြန်မှုများ
  Feelings and body reactions
- ☐ အခြားသူများနှင့် ပေါင်းသင်းဆက်ဆံရေး
  Relationships with others
- ☐ လူအချင်းချင်း မည်ကဲ့သို့ စောင့်ရှောက်ပုံ
  How people care for each other
- ☐ ခန္ဓာကိုယ် အစိတ်အပိုင်းများ (တွေ့မြင်၊ ထိတွေ့ရန် မသင့်သောနေရာနှင့် တွေ့မြင်၊ ထိတွေ့ရန် သင့်သောနေရာ)
  Body parts (private and non-private)
- ☐ မွေးဖွားချိန်မှစ၍ ခန္ဓာကိုယ်နှင့် စွမ်းဆောင်ရည် ပြောင်းလဲမှုများ
  Changes in body and abilities since birth
- ☐ အခွင့်အရေးများနှင့် တာဝန်များ
  Rights and responsibilities
- ☐ မိသားစု တည်ဆောက်ပုံများ
  Family structures
- ☐ ဘေးကင်းလုံခြုံသော အခြေအနေများနှင့်  ဘေးကင်းလုံခြုံမှုမရှိသော အခြေအနေများကို သိရှိခြင်းနှင့် တုံ့ပြန်ခြင်း
  Recognising and responding to safe and unsafe situations
- ☐ အပြုသဘောဆောင်သော ပေါင်းသင်းဆက်ဆံရေးများနှင့် အထောက်အကူပြုမှု ကွန်ရက်များ
  Positive relationships and support networks
- ☐ ဘေးကင်းလုံခြုံစွာနေထိုင်ခြင်းနှင့် အကူအညီတောင်းခံခြင်းဆိုင်ရာ နည်းဗျူဟာများ
  Strategies to stay safe and ask for help
- ☐ သင့်တော်သော ထိတွေ့မှုနှင့် မသင့်တော်သော ထိတွေ့မှု
  Appropriate and inappropriate touching
- ☐ အခြားသူများအား လေးစားမှုကိုပြသရန် နည်းလမ်းများ
  Ways to show respect to others
- ☐ ဘေးကင်းသော ဆုံးဖြတ်ချက်များ ချမှတ်ခြင်း
  Making safe decisions